**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the Post Election (053/2011)

# ရွေးကောက်ပွဲပြီးနောက် တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၅၃/၂၀၁၁)

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂၃) ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၂၉) ရက်နေ့အထိ

နအဖ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

အုပ်ချုပ်ရေးအာဏာပိုင်အဆင့်ဆင့်

- နှစ်ရက်တာ တိုက်ပွဲများအေးနေရာမှ ဇန်နဝါရီလ ၂၃ ရက်နေ့ နံနက်မှစ၍ မြဝတီမြို့နှင့် ၁၅ မိုင် အကွာတွင်ရှိသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** ဘောဘောကျိုးစခန်းကို နအဖ တပ်ဖွဲ့ဝင်များက ထပ်မံတိုက်ခိုက်နေသည်။ **(DVB 230111)** **Read More...**
- လာမည့် ၃၁ ရက်နေ့တွင် လွှတ်တော်ကျင်းပမည်ဖြစ်ရာ နေပြည်တော်၌ ယခုရက်ပိုင်းအတွင်း လုံခြုံရေး တင်းကြပ်မှုများ စတင်နေပြီး ဇန်နဝါရီလ ၂၇ ရက်နေ့မှစ၍ နေပြည်တော်၊ ပျဉ်းမနားမြို့ရှိ စားသောက် ဆိုင်များနှင့်အခြားအရောင်း ဆိုင်များ အားလုံးကို ညနေ ၆ နာရီနောက်ပိုင်း ပိတ်ရန်အာဏာပိုင်များက အကြောင်းကြားထားကြောင်း ပျဉ်းမနားမှ စား သောက်ဆိုင် ပိုင်ရှင်တစ်ဦးက ပြောသည်။ **(VOA 250111)** **Read More...**
- ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ **KNU** တပ်မဟာ(၆)သို့ နအဖ စကခ(၅)လက်အောက်ခံတပ်ရင်း ခမရ (၅၄၃) မှ တပ်သားနှစ်ဦးဖြစ်သူ မောင်ဝဏ္ဏ ၁၈ နှစ်နှင့် မောင်ဝင်းဘို ၂၀ နှစ်တို့သည် ဇန်နဝါရီလ ၂၃ ရက်နေ့က နယ်မြေခံ **KNLA** တပ်ရင်း (၁၇)ထံ ထွက်ပြေးရောက်ရှိလာခဲ့သည်။ **(KIC 250111)** **Read More...**
- ကရင်ပြည်နယ် မြဝတီခရိုင် ကျောက်ခက် ဒေသတွင် ဇန်နဝါရီ ၂၆ ရက်နေ့နံနက်မှ စတင်ကာ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** နှင့် နအဖတပ်များ ဖြစ်ပွားနေသည့်တိုက်ပွဲတွင် နအဖ တပ်ဖွဲ့ဝင်အချို့ ထိုင်းနယ် မြေဘက်မှ ဝင်ရောက်တိုက်ခိုက်ခဲ့သည်ဟု **DKBA** ကလိုထူးဘောဗျူဟာ(၁)မှူး ဗိုလ်မှူးကြီး ကျော်သက်က ပြောသည်။ **(Irrawaddy 260111)** **Read More...**
- ကရင်ပြည်နယ်မြောက်ပိုင်း ဖာပွန်ခရိုင် ဘူးသိုမြို့နယ်တွင် အခြေချလှုပ်ရှားသည့် နအဖ အရှေ့တောင်တိုင်း စစ်ဌာန ချုပ်– ရတခ လက်အောက်ခံ တပ်ရင်းနှစ်ရင်းမှ စစ်သည် ၄ဦးသည် လွှန်ခဲ့သည့်အပတ်က ကရင်အမျိုးသားကာကွယ် ရေးတပ်မ တော် **(KNDO)** တပ်ရင်း (၁) ထံသို့ ဇန်နဝါရီ ၂၂ ရက်နေ့က လာရောက်ပူးပေါင်းခဲ့ကြောင်း **(KNDO)** တပ်ရင်း (၁) တပ်ရင်းမှူး ဒု–ဗိုလ်မှူးကြီး စောကျော်မူးက ပြောသည်။ **(KIC 260111)** **Read More...**
- ရွေးကောက်ပွဲအကြိုကာလတွင် ရိုဟင်ဂျာလူမျိုးများကို စစ်အစိုးရအာဏာပိုင်များက ယာယီမှတ်ပုံတင်ထုတ်ပေးသော် လည်း ရွေးကောက်ပွဲအပြီးတွင် ယခင်အတိုင်း ဘာသာရေး၊ နိုင်ငံရေးတင်းကျပ်လွှန်းသည့်အတွက် ရိုဟင်ဂျာများ ပြည်ပ



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

နိုင်ငံသို့ ထွက်ပြေးနေကြ ခြင်းဖြစ်ကြောင်း ထိုင်းနှင့် ဘင်္ဂလားဒေ့ရှ် အခြေစိုက် **Arakan Project** အဖွဲ့မှ **Chris Lewa** က ပြောသည်။ **(RFA 260111)** [Read More...]

- ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ဇန်နဝါရီ ၂၇ ရက်နေ့က ကျင်းပသော ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ လူ့အခွင့်အရေး မှတ်တမ်းပြန်လည် သုံးသပ်သည့် ညီလာခံ၌ မြန်မာ အစိုးရ ကိုယ်စားလှယ် အဖွဲ့က မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှု မရှိကြောင်းကာကွယ် ပြောကြားခဲ့သည်။ **(Irrawaddy 270111)** [Read More...], [Mizzima...]
- စစ်အစိုးရအဖွဲ့၌ လက်ရှိတာဝန် ထမ်းဆောင် နေကြသော အစိုးရ အဖွဲ့ဝန်ကြီးများသည် လက်ရှိရာထူးများမှမနုတ် ထွက်ဘဲ လွှတ်တော်တက်ကြမည်ဟု ကြံ့ဖွံ့ပါတီ၏ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ထိပ်တန်း စီးပွားရေးလုပ်ငန်းရှင် ဇေကမ္ဘာ ဦးခင်ရွှေက ပြောသည်။ **(Irrawaddy 270111)** [Read More...]
- ရန်ကုန်တိုင်း ဒဂုံမြို့နယ်အတွင်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ပတ်ဝန်းကျင်တွင် အာဏာပိုင်များက လုံခြုံရေး တိုးမြှင့်ချထားကြောင်း ဒေသခံများက ပြောသည်။ **(DVB 270111)** [Read More...]
- စစ်အစိုးရက ချင်းပြည်နယ် တောင်ပိုင်း မတူပီမြို့ နယ်အတွင်း ဇန္နဝါရီမှစ၍ လူဦးရေစာရင်းပြန်လည် ကောက်ခံနေကြောင်း၊ စစ်အစိုးရလုပ်ရပ်သည် စစ်မှုမထမ်းမနေရ အမိန့်ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း ပြည်သူများက ပြောသည်။ **(Khonumthung 270111)** [Read More...]
- နအဖစစ်အစိုးရ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မီဒီယာများကို ခွင့်ပြုရန်လွယ်ကူသော်လည်း ထိန်းချုပ်ရန် ခက်ခဲသည်ဟု ပြောကြားကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိတစ်ဦး ကပြောသည်။ **(Irrawaddy 280111)** [Read More...]
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မာနယ်ပလော ဒေသ စစ်မြေပြင်တွင် အသုံးပြုနေသည့် အကျဉ်းသား ပေါ်တာများမှ အားအင်ကုန်ခမ်း၍ ပစ္စည်းမထမ်းနိုင်သူများနှင့် ထွက်ပြေးသူများကို နအဖ တပ်မ ၂၂ လက်အောက်ခံ ခြေမြန် တပ်ရင်း (ခမရ)၂၀၈ တပ်ဖွဲ့ဝင်များက  သတ်ဖြတ်မှုများ ရှိကြောင်း ထွက်ပြေးလွတ်မြောက်လာသည့် ပေါ်တာ များက ပြောသည်။ **(Irrawaddy 280111)** [Read More...]
- လွှတ်တော်အစည်းအဝေးတက်သည့်အခါ ကင်မရာနှင့်လက်ဆွဲအိပ်များ မယူလာရန် လွှတ်တော်ကိုယ်စားလှယ်များကို လုံးဝတားမြစ်ထားကာ ခွင့်ပြုချက်မရဘဲ ယူလာမည်ဆိုပါက ထောင်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း စစ်အစိုးရအရာရှိတစ်ဦးက ပြောသည်။ **(DVB 280111)** [Read More...]
- ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ နအဖ ခမရ(၃၄၃)နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** တပ်ရင်း (၂၁)တို့ ဇန်နဝါရီလ ၂၉ ရက်နေ့ နံနက်ပိုင်းက ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ တပ်ကြပ်တစ်ဦးအပါအဝင် ၃ ဦး ကျဆုံးခဲ့သည်ဟု **KNLA** တပ်မဟာ(၇)မှ တပ်မှူးတစ်ဦးက ပြောသည်။ **(KIC 290111)** [Read More...]

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

- မွန်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွ လုပ်ဆောင်သွားရန်အတွက် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ **AMRDP** ခေါင်းဆောင်များကို မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ **USDP** ဥက္ကဋ္ဌ ဦးအုန်းမြင့်က တွေ့ဆုံဆွေးနွေးခဲ့သည်။ **(IMNA 260111)** [Read More...]

## အတိုက်အခံအဖွဲ့အစည်းများ

## (က) ပြည်တွင်းအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့က တောင်ကြီးမြို့ ဒေသခံရှေ့နေကွန်ယက် ချိတ်ဆက်နိုင်ရန်အတွက် တောင်ကြီးမြို့တွင် ဇန်နဝါရီလ ၂၃ ရက်နေ့၌ တွေ့ဆုံဆွေးနွေးခဲ့ကြကာ ကွန်ယက်အားတိုး ချဲ့ဖွဲ့စည်းခဲ့သည်။ **(DVB 230111)** [Read More...]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- “ပြည်သူ့စစ်မှုထမ်းဥပဒေသည် လူငယ်ထုကို အညွန့်ချိုးသည့် ဥပဒေဖြစ်၍ ဆန့်ကျင်ကြရန်၊ တိုင်းရင်းသားဒေသများကို ထိုးစစ်ဆင်နေမှုများတွင် လူငယ်ထုပါဝင်ကြရမည့် ဥပဒေဖြစ်နေ၍ ဆန့်ကျင်ကြရန်၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အတူ အတုအယောင် လွှတ်တော်နှင့်အစိုးရကို ဆန့်ကျင်တော်လှန်ရန်” စသည်တို့ ရေးသားထားသည့် စာရွက်များကို ရန်ကုန်မြို့ မြောက်ဥက္ကလာပ မြို့နယ် မယ်လမုဘုရား အနီးတဝိုက်တွင် စစ်ဆန့်ကျင်ရေး လူငယ်အစည်းအရုံးဟု အမည်ဖော်ပြထားသည့် လူငယ်တစ်စုက ဖြန့်ဝေခဲ့သည်။ **(Irrawaddy 240111) Read More...**
- အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် **NLD** တရားဝင် ဆက်လက်ရပ်တည်နိုင်ရေးအတွက် နေပြည်တော်ဗဟို တရားရုံးချုပ်တွင် ဇန်နဝါရီလ ၂၄ ရက်နေ့က လျှောက်လဲချက်တင်သွင်းခဲ့ရာ တရားရုံးမှ စီရင်ချက်ချမှတ်မည့်ရက် သီးသန့်ရက် ပြန်ချိန်းပေးမည်ဖြစ်ကြောင်း **NLD** ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ပြောသည်။ **(RFA 240111) Read More...**
- မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ခေါ်ယူမည့် လွှတ်တော်အတွင်း ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်မှ တိုက်ရိုက်ခန့်ထားသည့် တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်များနှင့် အရပ်သားဒီမိုကရေစီကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်နှင့်ဆုံးဖြတ်ခွင့်များ ရရှိနိုင်မည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(DVB 240111) Read More...**
- မြန်မာစစ်အစိုးရ၏ မြန်မာနိုင်ငံသားတိုင်း စစ်မှုအထမ်းမနေရ ဥပဒေနှင့်ပတ်သက်၍ တိုင်းပြည်အတွင်း အမှန်တကယ်လိုအပ်၊ မလိုအပ်ကို ပညာရှင်များနှင့်တိုင်ပင်ဆွေးနွေးကာ ပြည်သူ့ဆန္ဒဖြင့် လုပ်ဆောင်သင့်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်အဖွဲ့က ဇန်နဝါရီလ ၂၄ ရက်နေ့တွင် သဘောထား ထုတ်ပြန်ကြေညာလိုက်သည်။ **(DVB 240111) Read More...**
- ရွှေဟိန်းထက်ကုမ္ပဏီနှင့် အာဏာပိုင်တို့ပူးပေါင်းကာ သိမ်းယူထားသည့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်မှ အမက (၂၆) မူလတန်းကျောင်း မြေနေရာအား ပြန်လည်ရရှိရေးကိစ္စကို **NLD** ဗဟို ဥပဒေ အထောက်အကူပြုအဖွဲ့က အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့ **UNISEF** ထံသို့ တင်ပြလိုက်သည်။ **(RFA 250111) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** လူငယ်စာဖတ်ဝိုင်းကို ပါတီဝင်မဟုတ်သူ လူငယ်များပါ ပါဝင်စေကာ ယနေ့တိုးချဲ့ပြုလုပ်ခဲ့ကြောင်း လူငယ်လုပ်ငန်းဖော်ဆောင်ရေး တာဝန်ခံတစ်ဦးဖြစ်သူ ကိုမျိုးညွန့်ကပြောသည်။ **(Mizzima 260111) Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်သံတမန်အဖွဲ့တစ်ခုအား ဇန်နဝါရီ ၂၇ ရက်နေ့ တွင် တွေ့ဆုံခဲ့ကြောင်း၊ တွေ့ဆုံဆွေးနွေးခဲ့သည့်အကြောင်းအရာများကို နှစ်ဖက်စလုံးက သတင်းထုတ်ပြန်မည်မဟုတ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ **(DVB 270111) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ပါတီရပ်တည်ခွင့် အထူးအယူခံကို နေပြည်တော် တရားရုံးချုပ်က ဇန်နဝါရီ ၂၈ ရက်နေ့က ပယ်ချလိုက်သည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော်သို့ ရောက်ရှိနေသည့် **NLD** ရှေ့နေ ဦးကျော်ဟိုးက “တရားရုံးပိုင်း ဆိုင်ရာ အမြင့်ဆုံးအဆင့်ပယ်ချခံရတာပါ၊ ဒါပေမယ့် တရားသူကြီးချုပ်ထံ အယူခံတင်နိုင်ခွင့်ရှိနေပါသေးတယ်။ တရားသူကြီးချုပ်ထံ အယူခံတင်မတင်ကိုတော့ **NLD** ဥပဒေ အထောက်အကူပြုအဖွဲ့နဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့တို့ ဆွေးနွေးတိုင်ပင်ပြီးမှ ဆုံးဖြတ်မှာပါ”ဟု ပြောသည်။ **(Irrawaddy 280111) Read More...**
- ဒုတိယပင်လုံညီလာခံအကြောင်း ဟောပြောပွဲတစ်ခုအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ရုံးချုပ်၌ ဇန်နဝါရီ ၂၈ ရက်နေ့က ပြုလုပ်ခဲ့ရာ သျှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်မှ စိုင်းစောအောင်နှင့် ဇိုမီးအမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ ပူကျင့်ရှင်းထန်တို့က ဒုတိယပင်လုံညီလာခံ အရေးပါပုံအကြောင်း ဟောပြောကာ ပရိသတ်များ၏ မေးမြန်းချက်များကိုလည်း ပြန်လည်ဖြေကြားခဲ့ကြောင်း ဟောပြောပွဲဖြစ်မြောက်ရေးစီစဉ်သူ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ **(DVB 280111) Read More...**
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံတွင် ခေတ်မီနည်းပညာရပ်များနှင့် အခြေခံအဆောက်အဦးများအတွက် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေသောကြောင့် ကမ္ဘာ့ဦးဆောင် စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံ့ခေါင်းဆောင်များကို မေတ္တာရပ်ခံတောင်းဆိုလိုက်သည်။ **(VOA 280111) Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** အနေဖြင့် တရားဝင်နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးအတွက် အထူးအယူခံဝင်ထားသည့်ကိစ္စကို နေပြည်တော် တရားရုံးချုပ်က ဇန်နဝါရီ ၂၈ ရက်နေ့က ပယ်ချလိုက်သော်လည်း



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် တင်သွင်းမည်ဖြစ်ပြီး နိုင်ငံတကာ ဥပဒေနည်းလမ်းအရ ဆက်လက် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း **NLD** ဒု–ဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ **(VOA 280111)** [Read More...]

- ဆွစ်ဇာလန်နိုင်ငံ **Davos** မြို့၌ ကျင်းပနေသည့် ကမ္ဘာ့ စီးပွားရေးညီလာခံသို့ ပေးပို့သောသဝဏ်လွှာတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများ အသိုင်းအဝိုင်းတွင် တက်တက်ကြွကြွ ပါဝင်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အမျိုးသားရင်ကြားစေ့ရေး၊ နိုင်ငံရေး တည်ငြိမ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများရရှိရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။ **(RFA 290111)** [Read More...]

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ဇန်နဝါရီ ၂၇ ရက်နေ့ နံနက်ပိုင်းက ကရင်ပြည်နယ် နယ်စပ်ဒေသတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **KNLA** နှင့် ဖြစ်ပွားသည့်တိုက်ပွဲကြောင့် နအဖ စစ်တပ်နှင့် ကရင်နယ်ခြားစောင့်တပ်များမှ အရာရှိများအပါဝင် ၄ ဦး ကျဆုံးခဲ့ကာ ၃ ဦးဒဏ်ရာရရှိခဲ့ကြောင်း **KNU** တပ်မဟာ (၇) မှ ဗိုလ်မှူးစောမျိုးမင်းသူက ပြောသည်။ **(KIC 270111)** [Read More...]

## (ဂ) ပြည်ပအင်အားစုများ

- ဂျပန်နိုင်ငံရှိ မြန်မာ့အရေးလှုပ်ရှားနေသည့် အဖွဲ့အစည်းများနှင့် တိုင်းရင်းသားအဖွဲ့အစည်းများက ၂၁ ရာစုပင်လုံညီလာခံပေါ်ထွန်းရေး ထောက်ခံဆွေးနွေးပွဲတစ်ရပ်ကို တိုကျိုမြို့ တခဒနေ့ဘဘတွင် ဇန်နဝါရီလ ၂၃ ရက်နေ့က ကျင်းပခဲ့သည်။ **(DVB 230111)** [Read More...]
- မြန်မာနိုင်ငံတွင် အမျိုးသားလူ့အခွင့်အရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းခဲ့သည်မှာ ၁၀ နှစ် ကျော်ခဲ့ပြီဖြစ်သော်လည်း လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ယခင်ကထက် ပိုမိုဆိုးဝါးလာနေကြောင်း ပြည်ထောင်စု မြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ **NCGUB** ၏ ကုလသမဂ္ဂရေးရာ တာဝန်ခံ ဒေါက်တာသောင်းထွန်းက ပြောသည်။ **(VOA 260111)** [Read More...]
- မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးကော်မတီ တစ်ရပ်ဖွဲ့စည်းလာနိုင်ရန်နှင့် နအဖစစ်ခေါင်းဆောင်များကို နိုင်ငံတကာ ရာဇဝတ်မှုတရားခုံရုံးတွင် တရားစွဲဆိုနိုင်လာစေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) **WLB** မှ ဆဋ္ဌမအကြိမ်မြောက် ညီလာခံကျင်းပခဲ့အပြီးတွင် ကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။ **(DVB 270111)** [Read More...]

## အပစ်ရပ်အဖွဲ့အစည်းများ

### နယ်ခြားစောင့်တပ်အသွင်မပြောင်းသည့်အဖွဲ့များ

- ကရင်ပြည်နယ် ဝေါလေ၊ ဖလူးကျေးနယ်၊ ကျောက်ခက်ဒေသအတွင်း ဇန်နဝါရီလ ၂၃ ရက်နေ့က နအဖနှင့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် **DKBA** တို့အကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ စကခ (၁၂) လက် အောက်ခံတပ်ရင်းများဘက်မှ တပ်သား ၂၀ကျော်သေဆုံးခဲ့ပြီး ၁၀ကျော် ဒဏ်ရာရရှိခဲ့သည်ဟု **DKBA** တပ်မဟာ(၅)မှ စစ်ဆင်ရေးမှူး ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ **(KIC 240111)** [Read More...]
- နယ်ခြားစောင့်တပ် ပြောင်းလဲရေး လက်မခံသည့် ကချင်လွတ် မြောက်ရေးအဖွဲ့ **(KIO)** နှင့် ပြည်ပအခြေစိုက် **KNO** အဖွဲ့တို့က ဇန်နဝါရီလ ၂၁ ရက်နေ့နှင့် ၂၂ ရက်နေ့တို့တွင် ပြုလုပ်သော တွေ့ဆုံဆွေးနွေးပွဲတွင် ကချင်အမျိုးသားအခွင့်အရေး ရရှိရေးအတွက် အတူတကွပူးပေါင်းဆောင်ရွက်သွားရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ **(Mizzima 250111)** [Read More...]
- ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက် မိုင် ၂၀ ခန့်အကွာရှိ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** ၏ အရေးကြီးစခန်းတစ်ခုဖြစ်သည့် ဘောဘောကျိုးစခန်းကို ဇန်နဝါရီ ၂၇ ရက်နေ့ နံနက်ပိုင်းတွင် နအဖတပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် အပြင်းအထန်ပစ်ခတ် သိမ်းယူလိုက်ကြောင်း **DKBA** အရာရှိတစ်ဦးဖြစ်သူ ဗိုလ်မှူးစောဆန်းအောင်က ပြောသည်။ **(BBC 270111)** [Read More...]



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

## နယ်ခြားစောင့်တပ် (သို့) ပြည်သူ့စစ်အသွင်ပြောင်းပြီးသည့်အဖွဲ့များ

- ကရင်ပြည်နယ် မြဝတီခရိုင် တောင်အုပ်ရွာ အခြေစိုက် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** နယ်ခြားစောင့်တပ် အမှတ် (၁၀၁၉) မှ တပ်ခွဲမှူးတစ်ဦး အပါအဝင် တပ်ဖွဲ့ဝင် ၁၇ ဦးသည် လက်နက်များနှင့်အတူ ကရင်အမျိုးသားအစည်းအရုံး **(KNU)** တပ်မဟာ(၇) ထံသို့ ဇန်နဝါရီလ ၂၄ ရက်နေ့က လာရောက်ပူးပေါင်းခဲ့ကြောင်း **KNU** တပ်မဟာ ၇ မှ ဗိုလ်ကြီး မျိုးမင်းသူက ပြောသည်။ **(Irrawaddy 250111)** Read More...
- ၂၀၁၀ ခုနှစ် ဒီဇင်ဘာလအတွင်း နယ်ခြားစောင့်တပ် **BGF** အသွင်ပြောင်းခဲ့သည့် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** မှတပ်ဖွဲ့ဝင်အင်အား ၂၀ ခန့်သည် **KNU**ထံထွက်ပြေးပူးပေါင်းလာပြီး ဇန်နဝါရီလ တတိယပတ် အထိထွက်ပြေးလာသူ ၄၀ နီးပါးရှိကြောင်း **KNU** ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် တပ်မဟာ ၇ တပ်ရင်း ၁၀၁ တပ်ရင်းမှူး ဒု–ဗိုလ်မှူးကြီး ဖောဒိုက ပြောသည်။ **(RFA 260111)** Read More...
- တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **DKBA** တပ်ဖွဲ့မှ နယ်ခြားစောင့်တပ်အသွင်ကူးပြောင်းခဲ့ပြီးနောက် ဇန်နဝါရီ ၂၄ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး **KNU** ထံ လာရောက်ပူးပေါင်းခဲ့သည့် တပ်ဖွဲ့ဝင် ၁၇ ဦး၏ မိသားစုဝင်များကို နအဖ အာဏာပိုင်များက ဖမ်းဆီးထားကာ ဒဏ်ငွေဆောင်ခိုင်းနေကြောင်း **KNU** နှင့် လာရောက်ပူးပေါင်းခဲ့သူတစ်ဦးဖြစ်သော ဒု–တပ်ခွဲမှူး စောနေဘလူးထူးက ပြောသည်။ **(DVB 270111)** Read More...

## နိုင်ငံရေးပါတီများ

### ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်ပါတီများ

- မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအနေဖြင့် စီးပွားရေးကဏ္ဍတွင် ပုဂ္ဂလိက မြေယာပိုင်ဆိုင်ခွင့် ရရှိလာစေရေး အတွက် လာမည့်လွှတ်တော်တွင် အဓိက အဆိုပြုမည်ဟု ပါတီခေါင်းဆောင် နိုင်ငွေသိန်းက ဆိုသည်။ **(Mizzima 240111)** Read More..., IMNA...
- အမေရိကန်အပါအဝင် ဥရောပနိုင်ငံများအနေဖြင့် နအဖစစ်အစိုးရအပေါ် စီးပွားရေးဒဏ်ခတ် ပိတ်ဆို့မှုကို အမြန်ဆုံးပြန်လည်ရုတ်သိမ်းပေးကြပါရန် ချင်းတိုးတက်ရေးပါတီ **CPP** ၏ ဇန်နဝါရီလ ၂၁ ရက်နေ့ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။ **(Khonumthung 250111)** Read More...
- ပါတီဆက်လက်ရပ်တည်ရေးအတွက် ငွေရေးကြေးရေးအခက်အခဲကြောင့် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ ဥက္ကဋ္ဌ ဦးညိုမင်းလွင်သည် ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပါတီဥက္ကဋ္ဌ တာဝန်မှနုတ်ထွက်လိုက်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူး ဦးနေမျိုးဝေက ပြောသည်။ **(DVB 250111)** Read More...
- စစ်အစိုးရကို လူသိရှင်ကြားဝေဖန်လေ့ရှိသော အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ပါတီဝင် ဒေါ်ဘောက်ဂျာကို ဖမ်းဝရမ်းထုတ်ထားသည်ဆိုခြင်းသည် မဟုတ်မှန်ကြောင်း သူမ၏ရှေ့နေ ဦးမြင့်သွင်က ပြောသည်။ **(Mizzima 260111)** Read More....
- တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် အစည်းအဝေးများ ကျင်းပရန် ၄ ရက်သာ ကျန်ရှိချိန်တွင် မည်သည့် အဆောက်အအုံ၌ ပြုလုပ်မည်ကို ပါတီအချို့ ယခုတိုင် မသိသေးကြောင်း ချင်းအမျိုးသားပါတီ **CNP** ဥက္ကဋ္ဌ ဦးဇိုဇမ် ခေါ် ဦးဇမ်ကျင်ပေက ပြောသည်။ **(Mizzima 270111)** Read More...
- ဇန်ဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပမည့်လွှတ်တော်အစည်းအဝေးတက်ရောက်ရန် နေပြည်တော်ရှိ လွှတ်တော် ကိုယ်စားလှယ်များတည်းခိုရန် စီစဉ်ပေးထားသည့် စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိနေသည့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **(RNDP)** ကျောက်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှင်က နေပြည်တော်တွင် အနေအစားခက်ခဲမှုရှိနေသည်ဟု ပြောကြားလိုက်သည်။ **(Irrawaddy 280111)** Read More...
- တရားလို ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ **USDP** အမတ်လောင်း ဒေါက်တာစိုင်းခမ်းလိုင် အမှုဖွင့်တရားစွဲထားသည့်ကိစ္စ ဇန်နဝါရီ ၂၀ ရက်နေ့တွင် နေပြည်တော်ခုံရုံးက အမှုပလပ်လိုက်ကာ တရားခံဖြစ်သူ ရွေးကောက်ပွဲအနိုင်ရ သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** အမတ် စိုင်းမွန်းကိုအနိုင်ပေးလိုက်သော်လည်း အမှုမပြီး သေးဘဲ ရွေးကောက်ပွဲကော်မရှင်က ထပ်မံ ဆင့်ခေါ်စစ်ဆေးပြန်ရာ ထပ်ဆင့်အနိုင်ရကြောင်း ဆွေမျိုးတော်စပ်သူတစ်ဦးက ပြောသည်။ **(S.H.A.N 280111)** Read More...



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- သျှမ်းပြည်၏အထင်ကရ အင်းလေးကန်ရှိ နိုင်ငံတော် အစိုးရ လေလံပစ်မည့်အင်းလေး ခေါင်တိုင်ဟော်တယ်အား သျှမ်းလူထုနှင့် တိုင်းရင်းသားအကျိုးစီးပွားအတွက် မျှော်ကိုးပြီး သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** က ရရှိရန် မျှော်လင့်သည်ဟု **SNDP** ဘဏ္ဍာရေးမှူး စောသန်းမြင့်က ပြောသည်။ **(S.H.A.N 280111) [Read More...]**
- ရခိုင်စာပေကို မူလတန်းအဆင့်တွင် သင်ကြားခွင့်ရရှိရေးအတွက် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ **RNDP** မှ ရခိုင်ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းသွားမည်ဖြစ်ကြောင်း စစ်တွေမြို့နယ် အမှတ် (၂) ပြည်နယ် လွှတ်တော်အမတ်ဖြစ်သော ဦးအောင်မြကျော်က ပြောသည်။ **(Narinjara 280111) [Read More...]**
- ဇန်နဝါရီ ၃၁ ရက်နေ့တွင် စတင်ကျင်းပမည့် လွှတ်တော်အစည်းအဝေးသည် စစ်အစိုးရ၏ လမ်းပြမြေပုံအဆင့်များ ထဲမှ အဆင့် ၆ ကို ဖော်ဆောင်ခြင်းသာဖြစ်ကြောင်း သျှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ **SNDP** ဒု-ဥက္ကဋ္ဌ စိုင်းဆောင်ဆီက ပြောသည်။ **(DVB 280111) [Read More...]**
- သျှမ်းပြည်နယ် တောင်ကြီးမြို့တွင် ပြည်နယ်လွှတ်တော်သို့ တက်ရောက်ရန် ရောက်ရှိနေသည့် ကျားဖြူပါတီခေါ် သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ **SNDP** ပြည်နယ်အမတ်များအတွက် စစ်အစိုးရက ထုတ်ပေးသည့် နေ့တွက်ငွေသည် လုံလောက်မှုမရှိကြောင်း **SNDP** ဥက္ကဋ္ဌ စိုင်းအိုက်ပေါင်းက ပြောသည်။ **(RFA 290111) [Read More...]**
- ဇန်နဝါရီ ၃၁ ရက်နေ့တွင် ပါလီမန်အစည်းအဝေးတက်ရောက်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် ၂၀၁၀ ရွေးကောက်ပွဲအနိုင်ရ လွှတ်တော်အမတ်များကို စစ်အစိုးရက အသုံးစာရိတ်အဖြစ် ကျပ်ငွေ ၃ သိန်းစီပေးနေကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု **NDF** ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် အမတ် ဦးဘုန်းမြင့်အောင်ကိုက ပြောသည်။ **(RFA 290111) [Read More...]**

ပြည်သူနှင့်လူထုအခြေပြုအဖွဲ့အစည်းများ

- အသစ်ဖွဲ့စည်းမည့် ချင်းပြည်နယ်အစိုးရသစ်နှင့်ပတ်သက်၍ ချင်းပါတီ ကိုယ်စားလှယ်များဖြင့်သာ ဖွဲ့စည်းသင့်ကြောင်း ချင်းပြည်သူများက ပြောဆိုနေကြသည်။ **(Khonumthung 240111) [Read More...]**

မီဒီယာအခန်းကဏ္ဍ

- ဇန်နဝါရီ (၃၁) ရက်နေ့တွင် ကျင်းပမည့် လွှတ်တော်ဖွင့်ပွဲကို သတင်းယူရန်အတွက် နေပြည်တော်သို့ သတင်းသွား ယူရန် ပြန်ကြားရေး ဝန်ကြီးဌာနကို ဆက်သွယ်မေးမြန်းသော်လည်း အကြောင်းကြားခြင်းမရှိသောကြောင့် ကိုယ့်အစီ အစဉ်ဖြင့် သာသွားယူကြမည်ဖြစ်ကြောင်း သတင်းထောက်များက ပြောသည်။ **(VOA 290111) [Read More...]**

နိုင်ငံတကာဆောင်ရွက်မှုများ

## (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံကို အကူအညီ ပေးနေသည့် **ODA** နိုင်ငံရပ်ခြား ဖွံ့ဖြိုးမှုဆိုင်ရာပမာဏသည် သိသိသာသာ ကျဆင်းလာသောကြောင့် သဘာဝဘေးအန္တရာယ်နှင့်ကြုံတွေ့နေရသည့် ဒေသများတွင် ရေရှည်အကူအညီပေးရန် အခက်အခဲရှိနေကြောင်း၊ အလှူရှင်နိုင်ငံများသည် လူမှုရေးအကူအညီကို နိုင်ငံရေးကိစ္စများနှင့် ခွဲခြား၍မြင်သင့်ကြောင်း မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူး မစ္စတာ ဘီရှိုး ပါရာဂျူလီ က ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ပြောဆိုလိုက်သည်။ **(BBC 250111) [Read More...]**

## (ခ) အစိုးရများ

- ထိုင်းနိုင်ငံအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းမှုများကို အကူအညီပေးမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီလ ၂၁ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံစဉ်ကတိပြုပြောဆိုခဲ့သည်။ **(RFA 230111) [Read More...]**



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!

- ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက နအဖ၏ လွှတ်တော်ခေါ်ယူခြင်းကို အသိအမှတ်မပြုရန် ဂျပန်နိုင်ငံခြားရေးရုံးရှေ့တွင် ဒုတိယနေ့မြောက် တောင်းဆိုဆန္ဒပြပြီးနောက် မြန်မာစစ်အစိုးရအနေဖြင့် လွှတ်တော်ခေါ်ယူနေသော်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း ဂျပန်အစိုးရက တောင်းဆိုလိုက်သည်။ **(DVB 250111)** [Read More...]
- ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ဩစတြေးလျား သံအရာရှိ **Ms. Ruth Steward** သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များနှင့် လာရောက်တွေ့ဆုံခဲ့ရာ လက်ရှိနိုင်ငံရေးအခြေအနေနှင့် **NLD** ရှေ့ဆက်ရပ်တည်ရေးကိစ္စရပ်များကို မေးမြန်းခဲ့ကြောင်း အဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောသည်။ **(RFA 250111)** [Read More...], [DVB...]
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** ကို တရားဝင်ပါတီ အဖြစ် အသိအမှတ် မပြုလျှင်၊ နိုင်ငံရေး အကျဉ်းသားများကို လွှတ်မပေးလျှင် အမေရိကန် အစိုးရအနေနှင့် မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုများ ရုတ်သိမ်းပေးရန် စဉ်းစားမည်မဟုတ်ကြောင်း အမေရိကန် အဆင့်မြင့် သံတမန်တစ်ဦး၏ပြောကြားချက်အား အင်ဒိုနီးရှားနိုင်ငံအခြေစိုက် ဂျကာတာဖို့စ်တွင် ဇန်နဝါရီလ ၂၆ ရက်နေ့က ဖော်ပြထားသည်။ **(Irrawaddy 260111)** [Read More...]
- အမေရိကန်ပြည်ထောင်စုအနေဖြင့် စီးပွားရေး ပိတ်ဆို့အရေးယူမှု ဖယ်ရှားရေးကို စဉ်းစားနိုင်ရန်အတွက် မြန်မာအစိုးရဖက်မှ ဒေါ်အောင်ဆန်းစုကြည်နှင့် စေ့စပ်ဆွေးနွေးရန်၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရန်နှင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် **(NLD)** ကို အသိအမှတ်ပြုရန်လိုအပ်ကြောင်း အမေရိကန်အစိုးရ အကြီးတန်းအရာရှိ **Joseph Yun** က ပြောကြားလိုက် သည်။ **(RFA 260111)** [Read More...]

## (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံတွင်းရှိ တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက် အတော်များများသည် လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်များ၊ သတင်းလွတ်လပ်ခွင့်များကို ချုပ်ချယ် တားမြစ်ထားကြောင်း လန်ဒန်အခြေစိုက် **Article 19** လူ့အခွင့်အရေးအဖွဲ့က ပြောသည်။ **(VOA 240111)** [Read More...]
- လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုမရှိသည့် မြန်မာနိုင်ငံကဲ့သို့သောနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုများ လုပ်သည့်နေရာတွင် ထိရောက်သည့် နည်းလမ်းများလိုအပ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ **Human Rights Watch** က အနောက်နိုင်ငံများကို တိုက်တွန်းတောင်းဆိုလိုက်သည်။ **(VOA 240111)** [Read More...]
- နိုင်ငံရေးမှုဖြင့် ဖမ်းထားသူများကို စစ်အစိုးရက စစ်ဆေး မေးမြန်းချိန်တွင် မူးယစ်ဆေးဝါး လျှို့ဝှက်တိုက်၍ ဖွင့်ဟ ဝန်ခံခိုင်းသကဲ့သို့ ၎င်းဝန်ခံချက်ကို တရားရုံးတင် အမိန့်ချသည်ဆိုသည့် တိုင်ကြားချက်များနှင့်ပတ်သက်၍ **ICRC** အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က ဝင်ရောက်စစ်ဆေးပေးရန် အာရှလူ့အခွင့်အရေးကော်မရှင် **AHRC** က ဇန်နဝါရီလ ၂၅ ရက်နေ့တွင် တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 250111)** [Read More...]
- ဇန်နဝါရီ ၂၇ ရက်နေ့တွင် ကျင်းပမည့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ၏ ၄ နှစ် တကြိမ် လူ့အခွင့်အရေး ပုံမှန်သုံးသပ်မှု **UPR** အစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ စစ်အစိုးရ၏ လှည့်စားချက်များကိုမကြည့်ပဲ ဖြစ်ရပ်အခြေအနေမှန်များကို အခြေခံသင့်ကြောင်း အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ **HRW** က ဇန်နဝါရီ ၂၆ ရက်နေ့တွင် တိုက်တွန်းတောင်းဆိုလိုက်သည်။ **(RFA 260111)** [Read More...]

---

***End of report/ Saturday, January 29, 2011***

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။

***Documentation and Research Department (NDD)***

---



**pdfMachine**
**A pdf writer that produces quality PDF files with ease!**
Produce quality PDF files in seconds and preserve the integrity of your original documents. Compatible across nearly all Windows platforms, if you can print from a windows application you can use pdfMachine.
Get yours now!